မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၉ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် ( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၃၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဆားလင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဦးအား စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးထွန်းထွန်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |
| ( ခ ) | ဦးမောင်မောင်တင့်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့်<br>တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးကျော်ရွှေ | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| ( ခ ) | ဦးစိုးတင့် | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးသွင်မြင့်မောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရုံးအဖွဲ့မှူး)<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုစီမံကိန်းဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| ( ခ ) | ဒေါက်တာဒေါ်ရီရီမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန |

(ပုံ) သိန်းစိန်<br>
နိုင်ငံတော်သမ္မတ<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်<br>
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်များအတွက် စည်းကြပ်မှုအရ ကျသင့်ဝင်ငွေခွန်အပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဇ) အရ ဒဏ်ငွေ ၁၀ ရာခိုင်နှုန်း ဒဏ်ပေးဆောင်စေခြင်းကို ကင်းလွတ်ခွင့်ပြုလိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ စည်းကြပ်နှစ်များအတွက်သာ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း<br>
အတွင်းရေးမှူး<br>
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်

## ကြေညာချက်အမှတ် (၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

### ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်) အင်္ဂါနေ့၊ ၁၄း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ကြေညာချက်အမှတ် (၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

### ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်) အင်္ဂါနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**ကြေညာချက်အမှတ် (၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )

**ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်) အင်္ဂါနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

အမှတ် ၄၇ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်စောဦး<br>အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယအင်ဂျင်နီယာချုပ်<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၂) | ဒေါ်ဇင်ဝါကြူ<br>အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | ဒုတိယညွှန်ကြားရေးမှူး (သတင်းထုတ်လွှင့်)<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>သတင်းထုတ်လွှင့်ရေးဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၃) | ဒေါ်စုစုဆက်<br>စာတည်း<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး (ဆိုင်းဝိုင်း)<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၄) | ဒေါ်နော်ခူးဝါး<br>ဦးစီးအရာရှိ (တာဝန်ခံ)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး (ထုတ်လုပ်)<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရုပ်မြင် (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၅) | ဒေါ်သိင်္ဂီမြင့်<br>ဦးစီးအရာရှိ (ထုတ်လုပ်)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုပ်မြင်သံကြားဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး<br>(သတင်း/မှတ်တမ်း)<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရုပ်မြင် (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၆) | ဦးစိုးမိုးကျော်<br>လက်ထောက်အင်ဂျင်နီယာ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၇) | ဒေါ်ရီရီလွင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုပ်မြင် (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ)<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>အသံလွှင့်ဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၈) | ဒေါ်စန်းသီတာဦး<br>လက်ထောက်အင်ဂျင်နီယာ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၉) | ဒေါ်သင်းသင်းဆွေ<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုပ်မြင် (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၁၀) | ဒေါ်ခိုင်မိုးနိုင်<br>ဦးစီးအရာရှိ (တာဝန်ခံ)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ရုပ်မြင် (အင်္ဂလိပ်ဌာနခွဲ)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | အင်ဂျင်နီယာမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စက်မှုဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |
| (၁၁) | ဦးကျော်ဝင်းလွင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး (စီမံ)<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပိတောက်မြေဌာနခွဲ<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား |

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက် )

အမှတ် ၄၈ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရာထူးနေရာများတွင် စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန | စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၁) | ဒေါ်ယုယုဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၁၃-၈-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန | စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၂) | ဦးချစ်မောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၃) | ဦးညွန့်နိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>မကွေးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၁၂-၈-၂၀၁၃ |
| (၄) | ဦးရဲညွန့်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပဲခူးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ပဲခူးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၅) | ဦးမြင့်ဆွေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရန်ကုန်တိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရန်ကုန်တိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၆) | ဦးငွေထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဧရာဝတီတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ဧရာဝတီတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန | စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၇) | ဦးဝင်းမြိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရခိုင်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရခိုင်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၈) | ဦးညွှန့်ရွှေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ကချင်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ကချင်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၉) | ဦးကျော်ဝင်းအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မွန်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>မွန်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၁၀) | ဦးစိုင်းဆမ်တစ်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရှမ်းပြည်နယ်<br>(တွဲဖက်ပြည်နယ်ရုံး-ကျိုင်းတုံ)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ရှမ်းပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၁၁) | ဦးဟန်လင်းအောင်<br>စက်ရုံမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပုံနှိပ်ရေးနှင့်<br>စာအုပ်ထုတ်ဝေရေးလုပ်ငန်း | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်<br>ရာထူး၊ ဌာန | စတင်တာဝန်<br>ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၁၂) | ဒေါ်စုလှိုင်အောင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရန်ကုန်တိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>(မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ-တွဲဖက်) | ၈-၈-၂၀၁၃ |
| (၁၃) | ဒေါ်ခင်ခင်ဦး<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပဲခူးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၁၄) | ဦးကျော်မိုးသူ<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၁၅) | ဦးတင်ဝင်း<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>(ငွေစာရင်းဌာနစု)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ (ငွေစာရင်းဌာနစု)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ရှမ်းပြည်နယ် (တွဲဖက်ပြည်နယ်-လားရှိုး)<br>(ဒုတိယညွှန်ကြားရေးမှူးရာထူး<br>ကျောထောက်နောက်ခံပြုလျက်) | ၈-၈-၂၀၁၃ |
| (၁၆) | ဒေါ်မြင့်မြင့်ခိုင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မော်လိုက်ခရိုင်ရုံး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ရှမ်းပြည်နယ်<br>(တွဲဖက်ပြည်နယ်ရုံး-ကျိုင်းတုံ)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန | စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၁၇) | ဦးကျော်ဌေး<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မွန်ပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>(မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ-တွဲဖက်) | ၈-၈-၂၀၁၃ |
| (၁၈) | ဒေါ်မြင့်မြင့်ကြည်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>သုတေသနနှင့်<br>သတင်းအချက်အလက်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၁၉) | ဦးဆန်းဝင်း<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | စာတည်းမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ထုတ်လုပ်ရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၂၀) | ဦးမောင်မောင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၂၁) | ဒေါ်နီနီချို<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြိတ်ခရိုင်ရုံး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>တနင်္သာရီတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန | စတင်တာဝန် ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (၂၂) | ဦးခမ်လျန်ဆုမ်း<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ချင်းပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ချင်းပြည်နယ်<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၂၃) | ဦးတင်လတ်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မကွေးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>မကွေးတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |
| (၂၄) | ဒေါ်သိဂီ<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ဧရာဝတီတိုင်းဒေသကြီး<br>ပြန်ကြားရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ၈-၈-၂၀၁၃ |

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် )

အမှတ် ၄၉ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| အမည်၊ လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| ဦးမျိုးဇော်<br>ဌာနခွဲမှူး (တာဝန်ခံ)<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>(ပြည်လုပ်ငန်းစုရုံး) | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး (အဖွဲ့ခွဲ-၃) |

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

အမှတ် ၅၀ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဦးစောလင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ဌာနခွဲမှူး (တာဝန်ခံ) | လစာနှုန်း |
| လစာနှုန်း | (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | ပြန်ကြားရေးဝန်ကြီးဌာန |
| မြန်မာ့ရုပ်ရှင်လုပ်ငန်း | ဝန်ကြီးရုံး (အဖွဲ့ခွဲ-၂) |

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )

အမှတ် ၅၁ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၃) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ အရာထမ်းအား ယင်းနှင့်ယှဉ်တွဲပါ ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဦးအောင်ဇော်လင်း | မန်နေဂျာ |
| ဌာနခွဲမှူး (တာဝန်ခံ) | လစာနှုန်း |
| လစာနှုန်း | (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) | သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း |
| မြန်မာ့ရုပ်ရှင်လုပ်ငန်း | နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် |
| | (ရုံးချုပ်-စီမံဌာနတွင် တွဲဖက်တာဝန်ချထားလိုက်သည်။) |

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် )

အမှတ် ၅၂ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းမှ အောက်ဖော်ပြပါ ဝါရင့်ဂီတပညာရှင် (၁၀) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်မှစ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နိုင်ငံတော်သံစုံတီးဝိုင်းတွင် ကျွမ်းကျင်သူများ (လစဉ် ထောက်ပံ့ငွေ ၆၀,၀၀၀/-) အဖြစ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** | **ခန့်ထားသည့်ရာထူး** | **ခန့်ထားသည့်နေ့ရက်** | **ခန့်သည့်အကြိမ်** |
|---|---|---|---|---|
| (က) | ဦးတင်ငွေ | ကျွမ်းကျင်သူ | ၁၅-၅-၂၀၁၃ | ၆-ကြိမ် |

| စဉ် | အမည် | ခန့်ထားသည့်ရာထူး | ခန့်ထားသည့်နေ့ရက် | ခန့်သည့်အကြိမ် |
|---|---|---|---|---|
| (ခ) | ဦးစိုးမင်း | ကျွမ်းကျင်သူ | ၃၁-၆-၂၀၁၃ | ၅-ကြိမ် |
| (ဂ) | ဦးစောအောင် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (ဃ) | ဦးလင်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (င) | ဦးသိန်းမြင့် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (စ) | ဒေါ်တင်မေရီ | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (ဆ) | ဦးလှထွန်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (ဇ) | ဦးတင်သိန်း | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (ဈ) | ဦးခင်မောင် | ကျွမ်းကျင်သူ | ၈-၁၀-၂၀၁၃ | ၁၀-ကြိမ် |
| (ည) | ဦးမောင်မောင် | ကျွမ်းကျင်သူ | ၁၀-၁၁-၂၀၁၃ | ၈-ကြိမ် |

အမှတ် ၅၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၃) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား)၊ ဒေါ်လဲ့လဲ့ဝင်း (တက္ကသိုလ်လဲ့လဲ့) အား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကျွမ်းကျင်သူ (လစဉ်ထောက်ပံ့ငွေ ၆၀,၀၀၀/-) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပထမအကြိမ် တစ်နှစ်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် )

အမှတ် ၅၄ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၃) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ငွေစာရင်းဌာနခွဲမှ ဌာနခွဲမှူး (စာရင်း) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဒေါ်ခင်မျိုးမြင့်အား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ငွေစာရင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော ဌာနခွဲမှူး (စာရင်း) (တာဝန်ခံ) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

အမှတ် ၅၅ ။ ။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၃) ၏ သဘောတူညီချက်အရ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (နိုင်ငံခြား) မှ စာတည်းမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဒေါ်သန်းဌေးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်လိုက်သည်။

အမှတ် ၅၆ ။ ။ အဆိုပါ ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်မှ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ထိ ခံစားခွင့်ပြုပြီး ၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

အမှတ် ၅၇ ။   ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးရှိ အောက်ဖော်ပြပါ အရာထမ်းများအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးစိုးမိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၂) | ဒုတိယညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၁) |
| (၂) | ဦးမျိုးဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၁) | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၂) |
| (၃) | ဒေါ်မေတိုးတိုးကြည်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၂) | လက်ထောက်ညွှန်ကြားရေးမှူး<br>လစာနှုန်း<br>(၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၃) |
| (၄) | ဦးကျော်မျိုးနိုင်<br>ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၂) | ဦးစီးအရာရှိ<br>လစာနှုန်း<br>(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀)<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ဝန်ကြီးရုံး<br>အဖွဲ့ခွဲ (၁) |

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက် )

အမှတ် ၅၈ ။   ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် ရက်စွဲပါ စာအမှတ် ၁-၃ (၃၂)/၂၀၁၂ ၏ အမိန့်ကြော်ငြာစာဖြင့် အဖွဲ့ဝင် (၂၉) ဦးပါ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။

အမှတ် ၅၉ ။ ။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့၊ နေပြည်တော်တွင် ပြုလုပ်သော အစည်းအဝေးညွှန်ကြားချက်အရ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ အတည်ပြုထားသည့် လုပ်ငန်းတာဝန်ပါအတိုင်း **"မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သည် သတင်းမီဒီယာဥပဒေ (မူကြမ်း) ကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးနောက် ယင်းဥပဒေနှင့်အညီ ဖွဲ့စည်းသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံ တာဝန်လွှဲပြောင်းပြီးသည်အထိ တာဝန်ထမ်းဆောင်ရန်"** သတ်မှတ်တာဝန်ပေးအပ်လိုက်ပါသည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် မကွေးတိုင်းဒေသကြီး အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေမှအဆက် ]**

၃။ (ဓ) **လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရထုတ်ပေးသောလက်မှတ်ကို ဆိုသည်၊

(န) **လျှပ်စစ်ကျွမ်းကျင်လုပ်သား**ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီ၍ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရရှိထားသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝ အဆင့်အတန်းမြင့်မားစေရန်၊

(ခ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊

(င) အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊

(စ) အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်စေရန်။

## အခန်း (၃)
## လျှပ်စစ်ဓာတ်အားဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ကိုင်ခွင့်များ

၅။ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့် လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၆။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည် -

(က) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတို့အရ ဖွဲ့စည်းထားသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၊

(ခ) တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အခြားအဖွဲ့အစည်းများ။

၇။ အစိုးရအဖွဲ့သည် ပုဒ်မ ၆ ပုဒ်မခွဲ (က)၊ (ခ) ပါ လုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် စည်းကမ်းချက်များဖြင့် ကန့်သတ်ထုတ်ပေးခြင်း ပြုနိုင်သည်။

၈။ ထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားပမာဏပေါ်မူတည်၍ အောက်ပါအတိုင်း လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံခွင့်ရှိသည် -

(က) စနစ်အလိုက် ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်မှ ၃၀ မဂ္ဂါဝပ်အထိ အလတ်စားလျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှု၊

(ခ) စနစ်အလိုက် ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အား ၁၀ မဂ္ဂါဝပ်အောက် အသေးစားလျှပ်စစ်ဓာတ်အားရင်းနှီးမြှုပ်နှံမှု။

၉။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုပြုသူများနှင့် တွဲဖက်၍ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပြုသူများနှင့် တွဲဖက်၍ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည် -

(က) လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါ စည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

၁၁။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည် ဝန်ကြီးဌာန၏သဘောတူညီချက်မရရှိဘဲ အခြား လျှပ်စစ်ဓာတ်အားထုတ်လုပ်လိုသူများနှင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ကိုင်ခွင့်အမိန့် ရရှိပြီးသူများနှင့်ဖြစ်စေ ပူးပေါင်း၍ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၂။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အမိန့်ကိုဖြစ်စေ၊ လုပ်ငန်းကိုဖြစ်စေ၊ ယင်း၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဝန်ကြီးဌာန၏သဘောတူညီချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားနည်းအားဖြင့် လွှဲပြောင်းပေးအပ်ခြင်းမပြုရ။

## အခန်း (၄)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူသည် -

(က) လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အားတိုင်းတာရေး ပစ္စည်းကိရိယာများ၊ အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျတပ်ဆင်အသုံးပြုရမည်၊ ပျက်စီးမှုမရှိစေရန်လည်း ထိန်းသိမ်းရမည်၊

(ဃ) ရေအားလျှပ်စစ်လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေဝင်ရေထွက်ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်၊

(င) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စက်လည်ပတ်ရာတွင် အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ညစ်ညမ်းမှုအန္တရာယ် မရှိစေရန် ဆောင်ရွက်ရမည်၊

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့်တိရစ္ဆာန်အတွက် အန္တရာယ် မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ကို ဆောင်ရွက်ရာတွင် လိုအပ်သော မြေနေရာရရှိရေး အတွက် တည်ဆဲနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဇ) မြေနေရာမှာ စိုက်ပျိုးမြေဖြစ်ပါက တည်ဆဲဥပဒေအရ ပေးလျော်ရန် သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ ပိုင်ရှင်သို့ ပေးလျော်ရမည်၊

(ဈ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ချိတ်ဆက်၍ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်၊

(ည) လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဋ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခွင့်ရှိသည်၊

(ဌ) အစိုးရအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

၁၄။ လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့်ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ်စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်းမရှိစေရ၊

(ခ) လေယာဉ်ပြေးလမ်း၊ ရထားလမ်း၊ မော်တော်ကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်းများတွင် ယာဉ်သွားလာမှုကို ပိတ်ဆို့နှောင့်ယှက်ခြင်း မရှိစေရ၊

(ဂ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြ ကြေးနန်းရိုက်ရာတွင် အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မရှိစေရ။

၁၅။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ကို ဆောင်ရွက်ရာတွင် လူ သို့မဟုတ် တိရစ္ဆာန်ကို ဒဏ်ရာရရှိအောင်ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ သေဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရှိသူသည် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံးအကြောင်းကြားရမည်။

## အခန်း (၅)
## လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လျှပ်စစ်ဓာတ်အားသုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့်နေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျတောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့်ကိစ္စရပ်တွင် စက်ရုံ၊ အလုပ်ရုံ၌အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူနေထိုင်ရာနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို ဖြစ်စေ၊ အခြားဓာတ်အားသုံးစွဲသည့်နေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ၊ မည်သည့်အဆောက်အအုံ အတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာစံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာများ စစ်ဆေးခနှုန်းထား သတ်မှတ်ခြင်းနှင့် အခါအားလျော်စွာ ပြင်ဆင် ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကိုသတ်မှတ်ခြင်းနှင့် အခါ အားလျော်စွာ ပြင်ဆင်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၇။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် မိမိအားအပ်နှင်းထားသည့် တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၈။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ လျှပ်စစ်အန္တရာယ်ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူအသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံအလုပ်ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၉။ လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန် ဒဏ်ရာရရှိခြင်းနှင့်ပတ်သက်၍ဖြစ်စေ၊ သေဆုံး ရခြင်းနှင့်ပတ်သက်၍ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကိုစစ်ဆေး၍ မည်သူ့တွင် တာဝန်ရှိသည်ကို အဆုံးအဖြတ်ပေးရမည်။

၂၀။ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများကို သတ်မှတ်ချက်အရ မှန်ကန်စွာ သုံးစွဲခြင်း ရှိ - မရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများအကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၂၁။ (က) ပုဒ်မ ၂၀ အရ လျှပ်စစ် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီး၏ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၆)
## အခွန်အခပေးဆောင်ခြင်း

၂၂။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရသူသည် -

(က) နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၊ ကုမ္ပဏီဖြစ်ပါက ပေးဆောင်ရန်ရှိသော အခွန်အခများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ကိုင်သည့် အဖွဲ့အစည်း၊ ကုမ္ပဏီဖြစ်ပါက ပေးဆောင်ရန်ရှိသော အခွန်အခများကို အစိုးရအဖွဲ့က သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ ပေးဆောင်ရာတွင် ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားပမာဏအလိုက် ပေးဆောင်ရမည်။

၂၃။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သော အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ အစိုးရအဖွဲ့သည် ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့်အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကိုဆောင်ရွက်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တရားမဝင်ထပ်ဆင့်ရောင်းချခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၆။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သောသဘောဖြင့် ဖြုန်းတီးခြင်း၊ တရားမဝင်အသုံးပြုခြင်း၊ ခိုးယူသုံးစွဲခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၇။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၉)

## လျော်ကြေးသတ်မှတ်ခြင်း

၂၈။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါမစွမ်းမသန်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေးကို အောက်ပါအတိုင်း တောင်းခံခွင့်ရှိစေရမည် -

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူမဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသောလျော်ကြေး။

၂၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင်လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့လျှင် နစ်နာသူသည် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီးဆုံးရှုံးသောပစ္စည်းအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားလုပ်ကိုင်ခွင့်ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

## အခန်း (၁၀)

## အထွေထွေ

၃၀။ လျှပ်စစ်ဓာတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ၏အကျိုးစီးပွားကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေလျှင် နစ်နာမှုအတွက် လျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်။

၃၁။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၂။ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာသည် အစိုးရအဖွဲ့၏သဘောတူညီမှုဖြင့် လျှပ်စစ်ကျွမ်းကျင်မှုလက်မှတ်ကို ထုတ်ပေးနိုင်သည်။

၃၃။ အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသောလျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင်လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၄။ အစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူထံမှ ၎င်းဆောင်ရွက်နေသည့် အလတ်စားနှင့်အသေးစားလျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်းပေါ်ပေါက်ခဲ့လျှင် ကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် တည်ဆဲလျှပ်စစ်ဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်မဆန့်ကျင်သရွေ့ ဆက်လက်အတည်ဖြစ်စေရမည်။

၃၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဘုန်းမော်ရွှေ၊
ဝန်ကြီးချုပ်၊
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

# ကယားပြည်နယ်
# ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲခြင်းဆိုင်ရာဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၀။ )

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ အပိုဒ် ၆၊ အပိုဒ်ခွဲ (ဂ) ပါ ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ ပြေးဆွဲရာတွင် စနစ်တကျကြီးကြပ်နိုင်ရေးအတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ်၊ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲခြင်းဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကယားပြည်နယ်တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီး**ဆိုသည်မှာ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ ကယားပြည်နယ်အတွင်း ပြေးဆွဲနေသော ပုဂ္ဂလိကမော်တော်ယာဉ် လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဃ) **ပုဂ္ဂလိကမော်တော်ယာဉ်**ဆိုသည်မှာ နိုင်ငံပိုင်မော်တော်ယာဉ်မှအပ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို ဆိုသည်။

(င) **မော်တော်ယာဉ်လုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကပိုင်မော်တော်ယာဉ်ကို အသုံးပြု၍ ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို စီးပွားရေးအလို့ငှာ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်။

(စ) **စင်းလုံးငှားယာဉ်**ဆိုသည်မှာ စင်းလုံးငှားစနစ်ဖြင့် စီးပွားရေးအလို့ငှာ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့်ယာဉ်ကို ဆိုသည်။

(ဆ) **ကြိုပို့ယာဉ်**ဆိုသည်မှာ နှစ်ဖက်သဘောတူစာချုပ်အရ ခရီးသည်များအား ကြိုပို့လုပ်ငန်းလုပ်ကိုင်သည့် ယာဉ်ကို ဆိုသည်။

(ဇ) **မော်တော်ယာဉ်အသင်း**ဆိုသည်မှာ ဤဥပဒေနှင့်အညီ တူညီသောလုပ်ငန်းအတွက် တူညီသော ရည်ရွယ်ချက်ဖြင့် မော်တော်ယာဉ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းထားသည့်အသင်းကို ဆိုသည်။

(ဈ) **မော်တော်ယာဉ်ဂိတ်**ဆိုသည်မှာ လုပ်ငန်းအမျိုးအစားတစ်မျိုးတည်းလုပ်ကိုင်သော ယာဉ်အသင်း အတွက်သာ ရပ်နားခြင်း၊ ထွက်ခွာခြင်းပြုရန် သတ်မှတ်ထားသည့်နေရာကို ဆိုသည်။

(ည) **မော်တော်ယာဉ်ရပ်နားစခန်း**ဆိုသည်မှာ ယာဉ်အသင်းများ၏ မော်တော်ယာဉ်အသီးသီး ရပ်နားခြင်း၊ ထွက်ခွာခြင်းပြုရန် သတ်မှတ်ထားသည့်နေရာကို ဆိုသည်။

(ဋ) **မော်တော်ယာဉ်လိုင်း**ဆိုသည်မှာ ခရီးသည်များ တင်ဆောင်၍ ဒေသတစ်ခုမှတစ်ခုသို့ သတ်မှတ်ထားသော ခရီးစဉ်အတိုင်း ပြေးဆွဲခြင်းကို ဆိုသည်။

## အခန်း (၂)
## ကြီးကြပ်ဆောင်ရွက်ခြင်း

၃။ ကော်မတီသည် သတ်မှတ်ထားချက်များနှင့်အညီ အောက်ဖော်ပြပါ ပုဂ္ဂလိကမော်တော်ယာဉ်များကို ကြီးကြပ်ရမည် -

(က) ခရီးသည်တင်ယာဉ်များ (ယာဉ်လိုင်း၊ စင်းလုံးငှား၊ ကြိုပို့ယာဉ်များ)၊

(ခ) ကုန်စည်ပို့ဆောင်ရေးယာဉ်များ။

၄။ ကယားပြည်နယ်အတွင်း ပြေးဆွဲသော ပုဂ္ဂလိကမော်တော်ယာဉ်များအားလုံးသည် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းထားချက်များနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင် ရရှိထားပြီးဖြစ်ရမည်။

၅။ မည်သူမျှ ကယားပြည်နယ်အတွင်း စီးပွားရေးအရ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းထားချက်များနှင့်အညီ လုပ်ငန်းလိုင်စင်ရရှိထားခြင်းမရှိဘဲ မော်တော်ယာဉ် လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၆။ ကယားပြည်နယ်အတွင်း စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် မည်သည့် ပုဂ္ဂလိကမော်တော်ယာဉ်မဆို မိမိလုပ်ငန်းနှင့်စပ်ဆိုင်သည့် ယာဉ်အသင်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်၌သာ ဆောင်ရွက်ရမည်။

၇။ စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် မည်သည့်ပုဂ္ဂလိကမော်တော်ယာဉ်မဆို သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်း၊ ထွက်ခွာရန်နေရာ၊ ဂိတ်နေရာနှင့် သတ်မှတ်လမ်းကြောင်းများ အတိုင်းသာ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ ဝင်ရောက်ခြင်း ပြုရမည်။

၈။ စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကမော်တော်ယာဉ်များ၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လိုင်စင်တို့ကို ရယူထားသူများဖြစ်ရမည်။

## အခန်း (၃)
## ကော်မတီ ဖွဲ့စည်းခြင်း

၉။ ဝန်ကြီးသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ချက်များအတိုင်း ကယားပြည်နယ်တွင်း သွားလာသည့် ပုဂ္ဂလိကမော်တော်ယာဉ်များကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ပြည်နယ်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၁၀။ ကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်ပါက ခရိုင်နှင့်မြို့နယ်အဆင့် ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးနိုင်သည်။

၁၁။ ကော်မတီအဆင့်ဆင့်၏ကော်မတီဝင်များ၏ အရည်အချင်း၊ ကော်မတီဝင်အရေအတွက်နှင့် ရွေးချယ်ရန် နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ယာဉ်ပိုင်ရှင်များက ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခြင်း၊

(ခ) ကော်မတီဝင် အနည်းဆုံး ၅ ဦးမှ ၉ ဦးအထိ ပါဝင်ဖွဲ့စည်းခြင်း၊

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ယင်းတို့အနက်မှ ကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ခြင်း။

၁၂။ ကော်မတီဝင်တစ်ဦးဦးသည် အောက်ပါအကြောင်းအချက်များ ပေါ်ပေါက်ပါက ပြည်နယ်ကြီးကြပ်ရေး ကော်မတီမှ အလိုအလျောက်ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိဆန္ဒအလျောက် နုတ်ထွက်ခြင်း၊

(ဂ) တာဝန်မှရပ်စဲခံရခြင်း၊

(ဃ) အခြားအကြောင်းတစ်ခုခုကြောင့် ဆက်လက်တာဝန်ယူဆောင်ရွက်ရန် မဖြစ်နိုင်ခြင်း။

၁၃။ ကော်မတီဝင်တစ်ဦးဦး လစ်လပ်ပါက ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက် ရမည်။

၁၄။ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ဘဏ္ဍာရေးမှူး လစ်လပ်ပါက ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ ကော်မတီ၏သက်တမ်းမှာ စတင်ဖွဲ့စည်းကြောင်း ဝန်ကြီးဌာနက အတည်ပြုသည့်နေ့မှစ၍ ၃ နှစ် ဖြစ်သည်။ ကော်မတီအသစ်ရွေးချယ်ပြီးသည့်အခါတိုင်း ကော်မတီအဟောင်းသည် ကော်မတီအသစ်ထံသို့ လုပ်ငန်းတာဝန်အရပ်ရပ်ကို ၁၅ ရက်အတွင်း စနစ်တကျလွှဲပြောင်းပေးရမည်။

## အခန်း (၄)
## လုပ်ငန်းတာဝန်များ

၁၆။ ခရီးသည်များ လုံခြုံချောမွေ့အဆင်ပြေစွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးနှင့် ပြည်နယ်အတွင်း မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ အသက်မွေးမှုအဆင်ပြေစေရေးတို့ကို ရည်ရွယ်၍ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံချောမွေ့အဆင်ပြေစွာ သွားလာနိုင်ရေး၊

(ခ) ကုန်စည်စီးဆင်းမှု မှန်ကန်ချောမွေ့စေရေး၊

(ဂ) ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၏လူမှုဘဝ ပိုမိုတိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ရေး၊

(ဃ) မော်တော်ယာဉ်အသင်းများ စနစ်တကျနှင့် စည်းကမ်းရှိစေရေး၊

(င) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရာတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသော ခေတ်မီပို့ဆောင်ရေးစနစ် ဖြစ်ထွန်း စေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊

(ဆ) မော်တော်ယာဉ်လုပ်ငန်းများ အစဉ်တိုးတက်စေရေးအတွက် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လုပ်ငန်းများ တိုးချဲ့တည်ထောင်ဆောင်ရွက်ရေး၊

(ဇ) လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ မော်တော်ယာဉ်အသင်းများ လွှဲပြောင်းမှတ်ပုံတင်ခြင်း၊ မှတ်ပုံ တင်ပြီးသော မော်တော်ယာဉ်များကို လုပ်ငန်းဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးနှင့် ကော်မတီ၏ ရန်ပုံငွေဖြင့် လုပ်ငန်းအဆောက်အအုံ၊ ပစ္စည်းများ သုံးစွဲထိန်းသိမ်းခြင်းများအတွက် စီမံခန့်ခွဲရေးနှင့် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ရေး၊

(စျ) လစဉ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းနှင့် စာရင်းဇယားများကို အချိန်မီပြုစုတင်ပြရန် စီမံဆောင်ရွက်ရေး၊

(ည) ကော်မတီ၏အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်းမိတ္တူများကို ဝန်ကြီးထံ ပေးပို့ရန် ဆောင်ရွက်ရေး၊

(ဋ) ကယားပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရေး။

## အခန်း (၅)
## လုပ်ပိုင်ခွင့်များ

၁၇။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ -

(က) ဤဥပဒေအရ အကျုံးဝင်သည့် ပုဂ္ဂိုလ်၊ မော်တော်ယာဉ်အသင်းနှင့် ဝန်ထမ်းများကို စနစ်တကျ စီမံဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အဖွဲ့ဖြင့် စစ်ဆေးခြင်း၊ ကြီးကြပ်ညှိနှိုင်းခြင်းများ ပြုလုပ်ရမည်။

(ခ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာန၊ အသင်း၊ ဂိတ်၊ ယာဉ်ရပ်နားစခန်းများကို လိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း ပြုရမည်။

(ဂ) ဒေသဆိုင်ရာကော်မတီအဆင့်ဆင့်အား ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်းများ ပြုလုပ် ရမည်။

(ဃ) လိုအပ်ပါက သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း ပြုရမည်။

(င) ကယားပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်း ပြုရမည်။

## အခန်း (၆)
## ဘဏ္ဍာရေး

၁၈။ ကော်မတီသည် ဥပဒေနှင့်အညီရရှိသော မိမိ၏ရန်ပုံငွေဖြင့် ရပ်တည်ရမည်။ ရန်ပုံငွေသုံးစွဲခြင်းကို ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ကျခံသုံးစွဲ၍ စာရင်းစစ်ဆေးမှုကိုလည်း ခံယူရမည်။

၁၉။ ကော်မတီသည် မိမိရန်ပုံငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်ထားရှိရမည်။ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်သာ ထုတ်ယူသုံးစွဲခွင့်ရှိသည်။

၂၀။ ကော်မတီသည် မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၊ ကော်မတီရုံးဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းများတွင် ဥပဒေပါ ခွင့်ပြုချက်နှင့်အညီ ငွေကြေးကျခံသုံးစွဲရမည်။

၂၁။ ဘဏ်တွင် စုဆောင်းထားရှိသည့်ရန်ပုံငွေများကို လုပ်ငန်းတိုးတက်စေရန်နှင့် ရန်ပုံငွေတိုးပွားစေရန် ဝန်ကြီး၏အတည်ပြုချက်ဖြင့် ကော်မတီသည် လိုအပ်သလို ရင်းနှီးမြှုပ်နှံမှုပြုနိုင်သည်။

၂၂။ ကော်မတီသည် ရငွေနှင့်သုံးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ငွေစာရင်းရှင်းတမ်း ရေးဆွဲ၍ ဝန်ကြီးထံ တင်ပြပြီး အတည်ပြုချက် ရယူဆောင်ရွက်ရမည်။ ကျပ်သိန်း ၂၀ နှင့်အထက် ရင်းနှီးမြှုပ်နှံခြင်းနှင့် ငွေလုံးငွေရင်းသုံးစွဲမှုကိစ္စရပ်များအား ဝန်ကြီး၏ခွင့်ပြုချက်ဖြင့်သာ သုံးစွဲရမည်။

၂၃။ ကော်မတီ၏ငွေစာရင်းသို့ ရန်ပုံငွေထည့်သွင်းခြင်းအား ဘဏ္ဍာရေးမှူးတစ်ဦးတည်းဖြင့်သာ ပေးသွင်းနိုင်သော်လည်း ငွေထုတ်ယူခြင်းကို ဘဏ္ဍာရေးမှူး အပါအဝင် ကော်မတီ၏ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးတို့ဖြင့် ပူးတွဲလက်မှတ်ရေးထိုး၍သာ ထုတ်ယူခွင့်ရှိသည်။

၂၄။ ကော်မတီသည် လစဉ်ငွေစာရင်းရှင်းတမ်းများ ပြုစုရေးဆွဲရမည့်အပြင် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းများပါ ရေးဆွဲရမည်ဖြစ်ပြီး အဆိုပါနှစ်ချုပ်ရှင်းတမ်းအား ကော်မတီနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ၍ ရှင်းလင်းမှုပြုရမည်။

## အခန်း (၇)
## ဝန်ထမ်းဖွဲ့စည်းပုံ

၂၅။ ကော်မတီသည် -

(က) ဝန်ထမ်းဖွဲ့စည်းပုံကို ဝန်ကြီး၏အတည်ပြုချက်ဖြင့် ရေးဆွဲ၍ ဖွဲ့စည်းပုံနှင့်အညီ ခန့်ထားနိုင်သည်။ ဝန်ထမ်းများ၏ရပိုင်ခွင့်များအတွက် ကော်မတီ၏ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းပြုနိုင်သည်။

(ခ) ဝန်ထမ်းများ ခန့်ထားခြင်း၊ ယင်းတို့အတွက် သုံးစွဲရမည့်ငွေများအတွက် ကော်မတီ၏ရန်ပုံငွေမှ လစဉ်ကြေးကျခံသုံးစွဲရာတွင် ရငွေ၏ ၂၅ ရာခိုင်နှုန်းထက်မပိုသောငွေကို အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နှုန်းထားသတ်မှတ်ပြီး ဝန်ကြီး၏အတည်ပြုချက်ရယူ၍ ကျခံသုံးစွဲရမည်။

(ဂ) ဝန်ထမ်းများကို ကြီးကြပ်နိုင်ရေးအတွက် ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲဖြစ်သူရုံးအုပ်အား လိုအပ်သလိုလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)
## ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၂၆။ ကော်မတီသည် ရန်ပုံငွေနှင့်ငွေစာရင်းများကို စနစ်တကျထိန်းသိမ်းထားရှိနိုင်ရေးနှင့် စစ်ဆေးမှုပြုရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့်ညှိနှိုင်း၍ သတ်မှတ်ထားရှိရမည်။

၂၇။ လစဉ်ရရှိသည့် ကော်မတီ၏ကြီးကြပ်ခရန်ပုံငွေများအနက် ဝန်ထမ်းနှင့် ယာဉ်လုပ်သားများ၏သက်သာချောင်ချိရေးအတွက် ၁၂ . ၅ ရာခိုင်နှုန်းထက်မပိုသောငွေကိုလည်းကောင်း၊ ပြည်နယ်၏ လူမှုရေးလုပ်ငန်းများအတွက် ၁၂. ၅ ရာခိုင်နှုန်းထက်မပိုသောငွေကိုလည်းကောင်း သုံးစွဲခွင့်ရှိပြီး ကျန် ၅၀ ရာခိုင်နှုန်းအား ရန်ပုံငွေအဖြစ် ဘဏ်၏ရန်ပုံငွေစာရင်းတွင် ထည့်သွင်းစုဆောင်းထားရှိရမည်။

၂၈။ ပုဒ်မ ၂၇ ပါ ကိစ္စရပ်များအတွက် သုံးစွဲရန်မလိုသည့်လများ၏ အသုံးစရိတ်ငွေများကို ကော်မတီ၏ ရန်ပုံငွေအဖြစ် ဘဏ်၏ရန်ပုံငွေစာရင်းတွင် စုဆောင်းထားရှိရမည်။

၂၉။ ကော်မတီရုံးဝန်ထမ်းအကြီးအကဲဖြစ်သူ ရုံးအုပ်သည် -

(က) ကော်မတီက ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထိန်းသိမ်းထားရှိသည့်စာရင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးက တာဝန်ပေးအပ်သူ၏စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၉)
## အခွန်အခများ သတ်မှတ်ခြင်း

၃၀။ ကော်မတီသည် အောက်ပါအခွန်အခများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည် -

(က) မော်တော်ယာဉ်လုပ်ငန်း၏ အသင်းဝင်ရောက်ရေးနှင့် သက်ဆိုင်သည့်အခွန်အခများ၊

(ခ) မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာပြေးဆွဲဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့်အခွန်အခများ၊

(ဂ) မော်တော်ယာဉ်လုပ်ငန်းပြောင်းလဲခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့်အခွန်အခများ။

၃၁။ ဤဥပဒေအရ သတ်မှတ်ကောက်ခံသော အခွန်အခများသည် တည်ဆဲဥပဒေ၊ နည်းဥပဒေအရ ကောက်ခံနေသော သယ်ယူပို့ဆောင်ရေးအခွန်အခများနှင့် တူညီခြင်းမရှိစေရ၊ ထပ်မံကောက်ခံခြင်းမျိုးလည်း မဖြစ်စေရ။

## အခန်း (၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၃၂။ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်မှတစ်ပါး ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်နှင့် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ကို ချမှတ်ရမည် -

(က) ပထမအကြိမ်ကျူးလွန်ခြင်းဖြစ်ပါက သတိပေးမှတ်တမ်းတင်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ်ငွေသုံးသောင်းမှ အများဆုံးကျပ်ငွေငါးသောင်းအထိ ဒဏ်ငွေတပ်ရိုက်ခြင်း။

၃၃။ ကော်မတီသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကြီးကြပ်တာဝန်ယူရသော ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ဥပဒေနှင့်အညီ တင်ပြချက်အရ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဝန်ကြီး၏အတည်ပြုချက်ဖြင့် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၁၁)
## ပြစ်မှုပြစ်ဒဏ်များ

၃၄။ မည်သူမဆို ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူကို -

(က) အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်ပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ကော်မတီဝင်အဖြစ် တာဝန်ဝတ္တရား ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ဆောင်ရွက်ရန် အားထုတ်ရာတွင်ဖြစ်စေ ယင်းကော်မတီဝင်ကို ဟန့်တားနှောင့်ယှက်ခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၃၆။ မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် ကော်မတီ၏စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်မှုကို မကျေနပ်သူသည် ကော်မတီက ဆုံးဖြတ်ချက်ချသည့်ရက်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၃၇။ ဝန်ကြီး၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၃၈။ ကော်မတီသည် ဤဥပဒေနှင့်အညီ လုပ်ငန်းတာဝန်နှင့် လုပ်ကိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံခွင့်၊ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၃)
## အထွေထွေ

၃၉။ ကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍သော်လည်းကောင်း၊ စည်းကမ်းမထားဘဲသော်လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၀။ မော်တော်ယာဉ်လုပ်ငန်းနှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်းနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသရွေ့ အတည်ဖြစ်သည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကယားပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့သည် လိုအပ်ပါက အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်ပါက အမိန့်နှင့် စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

# ကယားပြည်နယ်
# ကျေးရွာထင်းစိုက်ခင်းဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၁။ )

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၂၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ဃ) ပါ ဖော်ပြထားချက်နှင့်အညီ ယင်းဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ကယားပြည်နယ်အတွင်းတွင် ကျေးရွာထင်းစိုက်ခင်းစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ထူထောင်ခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကယားပြည်နယ်၊ ကျေးရွာထင်းစိုက်ခင်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှစတင်၍ ကယားပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကြိုးဝိုင်းတော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့်နယ်မြေကို ဆိုသည်၊

(ခ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာထားသည့်နယ်မြေကို ဆိုသည်၊

(ဂ) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်၊

(ဃ) **သစ်ပင်**ဆိုရာတွင် သစ်မြစ်၊ သစ်ငုတ်၊ ပင်စည်၊ အကိုင်းအခက်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွနှင့် အပင်ပေါက်တို့ကို ဆိုသည်၊

(င) **တားမြစ်သစ်ပင်**ဆိုသည်မှာ ကျွန်းပင်နှင့်သစ်တောဥပဒေအရ တားမြစ်သစ်ပင်အဖြစ် သတ်မှတ်ကြေညာထားသည့်သစ်ပင်ကို ဆိုသည်၊

(စ) **သစ်တောထွက်ပစ္စည်း**ဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီးနှင့်ယင်းတို့မှ ထွက်ရှိသောပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏အစိတ်အပိုင်းများနှင့် ယင်းတို့မှထွက်ရှိသောပစ္စည်းများလည်း ပါဝင်သည်၊

(ဆ) **အသေးစားသစ်တောထွက်ပစ္စည်း**ဆိုသည်မှာ သစ်တောဥပဒေအရ အသေးစားသစ်တောထွက်ပစ္စည်းအဖြစ် သတ်မှတ်ကြေညာထားသည့် သစ်တောထွက်ပစ္စည်းများကို ဆိုသည်၊

(ဇ) **ထင်း**ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်၊

(ဈ) **ထင်းစိုက်ခင်း**ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ စိုက်ပျိုးတည်ထောင် ထိန်းသိမ်းထားသော သစ်တောစိုက်ခင်းကို ဆိုသည်။

(ည) **ကျေးရွာထင်းစိုက်ခင်း**ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်း၍ သုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်း၍ သုံးစွဲရန်ဖြစ်သော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်၊

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ကယားပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာနကို ဆိုသည်၊

(ဌ) **ဝန်ကြီး**ဆိုသည်မှာ ကယားပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(ဍ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ကယားပြည်နယ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်၊

(ဎ) **သစ်တောအရာရှိ**ဆိုသည်မှာ ကယားပြည်နယ်အတွင်းရှိ ခရိုင် သို့မဟုတ် မြို့နယ်သစ်တောဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်။

(ဏ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ကယားပြည်နယ် သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးအထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများကို ဆိုသည်၊

(တ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(ထ) **အသုံးပြုသူများအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ထူထောင်ခြင်းနှင့် သုံးစွဲခြင်းပြုရန် ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းသောအစုအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများတွင် ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းဖြင့် ဒေသအလိုက် ဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန်၊

(ခ) မြေအသုံးချမှုတန်ဖိုး ပိုမိုနားလည်မှုရရှိစေရန်၊

(ဂ) ကျေးရွာလူထုက စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ထူထောင်ခြင်းနှင့် ထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာကို ပိုမိုအသုံးပြုနိုင်ရန်။

## အခန်း (၃)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

၄။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံသို့ လျှောက်ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြေဧရိယာကို စိစစ်တင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်အရ ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် နှစ်ကန့်သတ်၍ ခွင့်ပြုပေးရမည်။

**အခန်း (၄)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ**

၆။ ဝန်ကြီးသည် ခရိုင် သို့မဟုတ် မြို့နယ် ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းနိုင်သည်။ ကော်မတီကို အနည်းဆုံးအဖွဲ့ဝင် ၇ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အနက်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၇။ ဝန်ကြီးသည် ပုဒ်မ ၆ ပါ ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၈။ ကော်မတီကို အောက်ပါ အစိုးရဌာန ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည် -

(က) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ခ) မြေစာရင်းဦးစီးဌာန၊

(ဂ) သစ်တောဦးစီးဌာန၊

(ဃ) စိုက်ပျိုးရေးဦးစီးဌာန၊

(င) မြို့မိမြို့ဖကိုယ်စားလှယ်များ။

၉။ ကော်မတီသက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့ရက်မှစ၍ ၅ နှစ်ဖြစ်သည်။

၁၀။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ညွှန်ကြားရေးမှူးက စိစစ်ပေးရန် ပေးပို့လာသော ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုရန် လျှောက်လွှာများကို လိုအပ်သလိုစိစစ်၍ ပြန်လည်တင်ပြခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း မြေနေရာရွေးချယ်မှုကို စစ်ဆေးတင်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ကျေးရွာလူထုအကြား လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းများတွင် စည်းကမ်းဖောက်ဖျက်မှုများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းများမှ ထင်းထုတ်ယူခြင်း၊ သုံးစွဲခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းတို့ကို စည်းကမ်းတကျဖြစ်စေရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းများ တိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သောအကြံပြုချက်များကို ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြခြင်း၊

(ဆ) အသုံးပြုသူများအဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဇ) ကျေးရွာထင်းစိုက်ခင်းများတွင် အသုံးပြုသူများအဖွဲ့ ပြောင်းလဲမှုရှိပါက စိစစ်၍ အတည်ပြု တင်ပြခြင်း။

## အခန်း (၅)
## သစ်တောအရာရှိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၁။ သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကျေးရွာထင်းစိုက်ခင်းများနှင့်စပ်လျဉ်း၍ စတင်စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်းများအား ထိန်းသိမ်းကာကွယ်ခြင်းအတွက် နည်းပညာများပေးခြင်း၊ လိုအပ်သလို ညွှန်ပြခြင်း၊

(ဂ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်ထားရှိ၍ ထိန်းသိမ်း ဆောင်ရွက်စေခြင်း၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများတွင် အသုံးပြုသူများအဖွဲ့က စိုက်ခင်းစီမံဆောင်ရွက်ခြင်း၊ ခုတ်လှဲခြင်း၊ ထုတ်လုပ်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာ စီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ကြီးကြပ်ခြင်း၊ ကူညီခြင်း၊

(င) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းများကို ကျေးရွာအတွက် အသုံးပြုခြင်းမှအပ စီးပွားရေး အလို့ငှာ ရောင်းချခြင်းအတွက် သစ်တောဦးစီးဌာနက သတ်မှတ်ထားသော အခွန်အခကောက်ခံခြင်း၊

(စ) ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသော ထင်းနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ သယ်ယူ ရွှေ့ပြောင်းခြင်းကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် အရေးယူခြင်း၊

(ဆ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ထားသည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုမှု၊ လွှဲပြောင်း ရောင်းချမှု၊ အဆောက်အအုံဆောက်လုပ်နေထိုင်မှုများ မရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်း။

## အခန်း (၆)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ၏လုပ်ငန်းတာဝန်များ

၁၂။ ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်နည်းလမ်း များနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

၁၃။ ကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းပြုရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့ကို ဖွဲ့စည်းရမည်။ အသုံးပြုသူများအဖွဲ့သည် ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာ ထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။ အသုံးပြုသူများအဖွဲ့သည် ဝန်ကြီးဌာနကထုတ်ပြန် သော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျေးရွာ ထင်းစိုက်ခင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ရမည်။

၁၄။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) သစ်တောဦးစီးဌာနက ဖြန့်ဖြူးသောနည်းပညာများအတိုင်း ဆောင်ရွက်ရန်၊

(ခ) ကျေးရွာထင်းစိုက်ခင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွက် စီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခုတ်ယူခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာစီမံချက်များ ရေးဆွဲတင်ပြရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းတည်ထောင်သည့်မြေအား အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် နေထိုင်ခြင်းများမပြုရန်၊

(င) ကျေးရွာထင်းစိုက်ခင်းအတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော တားမြစ်သစ်ပင်များကို စာရင်းပြုစု၍ သစ်တောဦးစီးဌာနက စနစ်တကျထိန်းသိမ်းနိုင်ရေးအတွက် တင်ပြရန်၊

(စ) ကျေးရွာထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းကို စီးပွားရေးအလို့ငှာ ရောင်းချခြင်းပြုပါက သတ်မှတ်ထားသော အခွန်အခပေးဆောင်ရန်။

## အခန်း (၇)
## စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅။ ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို စစ်ဆေးရမည်။

၁၆။ သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများ၏ လုပ်ငန်းအဆင့်ဆင့်ကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်ညီညွတ်စေရန် စစ်ဆေး၍ ကော်မတီသို့ တင်ပြရမည်။

၁၇။ မည်သူမဆို သတ်မှတ်ထားသော စည်းကမ်းချက်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်ဖြစ်စေ ထိုသူကို ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ခ) ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများစာရင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) ကာလသတ်မှတ်၍ ထင်းထုတ်ယူသုံးစွဲခြင်းမှ တားမြစ်ခြင်း။

၁၈။ ကော်မတီသည် ကျေးရွာသုံးထင်းစိုက်ခင်းမှ ထုတ်ယူသောထင်းကို သတ်မှတ်ထားသည့် အခွန်အခ ပေးဆောင်ခြင်းမပြုဘဲ စီးပွားရေးအလို့ငှာ ရောင်းချခြင်းပြုလျှင် ထိုသူကို ကျပ် ၅၀၀၀ ထက်မပိုသော ဒဏ်ငွေနှင့် သတ်မှတ်ထားသော အခွန်အခပေးဆောင်စေပြီး ဆက်လက်ရောင်းချခွင့်ပြုနိုင်သည်။ ပေးဆောင်ခြင်းမပြုဘဲ ပျက်ကွက်ပါက အဆိုပါထင်းကို ကျေးရွာပိုင်ထင်းအဖြစ် သိမ်းဆည်းခြင်းပြုနိုင်ပါသည်။

## အခန်း (၈)
## အယူခံခြင်း

၁၉။ (က) ဤဥပဒေအရ ကော်မတီကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ သတ်မှတ်ထားသည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးသည် ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၀။ (က) ဤဥပဒေအရ ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူ သည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် ညွှန်ကြားရေးမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)
## တားမြစ်ချက်များ

၂၁။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းရှိ သစ်ပင်များကို ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ထင်းစိုက်ခင်းအဖြစ် ခွင့်ပြုထားသောမြေကို စိုက်ပျိုးရေးအတွက် တူးဆွခြင်းမပြုရ။

၂၂။ မည်သူမျှ ကျေးရွာထင်းစိုက်ခင်းအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ ကျူးကျော်နေထိုင်ခြင်းမပြုရ။

၂၃။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်းမှ ထွက်ရှိသော သစ်၊ တိုင်၊ မျော၊ ထင်း စသည့် သစ်တောထွက်ပစ္စည်းတစ်ခုခုကို ခိုးယူခြင်းမပြုရ။

၂၄။ မည်သူမဆို ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုသည့်မြေကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ နေထိုင်ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

## အခန်း (၁၀)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၆ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ၂ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ထိုသူအား ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ကျခံစေရမည်။

၃၀။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့်ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်၊

(ဂ) ပြစ်မှုကျူးလွန်ခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့သို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

၃၁။ တရားရုံးသည် -

(က) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်၊

( ခ ) ဤဥပဒေပါ ပုဒ်မများအရ တပ်ရိုက်သည့် ငွေဒဏ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆုံးရှုံးနစ်နာသည့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်သူ သို့မဟုတ် အသုံးပြုသူများအဖွဲ့အား နစ်နာကြေးအဖြစ် ထုတ်ပေးနိုင်သည်။

## အခန်း (၁၁)

## အထွေထွေ

၃၂။ ဤဥပဒေအရ ရရန်ရှိသောငွေများကို သစ်တောဦးစီးဌာနက မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်၊ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

၃၃။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ကော်မတီ သို့မဟုတ် သစ်တောဝန်ထမ်းများက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၃၄။ ဤဥပဒေအရ ကျူးလွန်သည့်ပြစ်မှုများအား ရဲအရေးပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်သော ကော်မတီ သို့မဟုတ် သစ်တောအရာရှိကို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူနိုင်ခွင့် မရှိစေရ။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ကယားပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကယားပြည်နယ် သစ်တောဦးစီးဌာနသည် လိုအပ်ပါက အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ခင်မောင်ဦး၊
ဝန်ကြီးချုပ်၊
ကယားပြည်နယ်အစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာအခွန်အခများဥပဒေ

**( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၄။ )**

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**နိဒါန်း**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့်မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာအခွန်အခများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရ**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ အခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ကို ဆိုသည်။

(စ) **တိုင်းဒေသကြီးနယ်နိမိတ်**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးနယ်နိမိတ်ကို ဆိုသည်။

(ဆ) **မြေ**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏အစိတ်အပိုင်းကို ဆိုသည်။

(ဇ) **အဆောက်အအုံ**ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်း ဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏အစိတ်အပိုင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆောက်အအုံနံရံ၊ မြေထိန်းနံရံ၊ အကာအရံ၊ ဝင်းတံခါး၊ ခြံစည်းရိုး၊ ဝင်းထရံ၊ ကဇာတ်ခုံ၊ တိုင်၊ ကျားထောက်နှင့် အဆောက်အအုံ အကြမ်းထည်သည်လည်း ပါဝင်သည်။

(ဈ) **ပိုင်ရှင်**ဆိုသည်မှာ မြေသို့မဟုတ် အဆောက်အအုံကို တရားဝင်ပိုင်ဆိုင်ပြီး ကိုယ်တိုင်နေထိုင်သူ သို့မဟုတ် ငှားရမ်းခများကို မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ပစ္စည်းထိန်းဖြင့် ဖြစ်စေ လက်ခံရယူသူကိုဆိုသည်။

(ည) **နေထိုင်သူ**ဆိုသည်မှာ အဆောက်အအုံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကို ဆိုသည်။

(ဋ) **အသုံးပြုသူ**ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြုနေသည့် ပိုင်ရှင်၊ ငှားရမ်းယူသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကို ဆိုသည်။

(ဌ) **နှစ်စဉ်တန်ဖိုး**ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံကို မည်သည့် အသုံးအဆောင် ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဍ) **စံငှားခ**ဆိုသည်မှာ အခွန်စည်းကြပ်ကောက်ခံမည့် အစိုးရက စီမံခန့်ခွဲသော အဆောက်အအုံများ၊ ပုဂ္ဂလိကပိုင်အဆောက်အအုံများအား တစ်နှစ်အတွက် ငှားရမ်းခရရှိနိုင်သော အဆောက်အအုံများ တစ်နှစ်ငှားရမ်းခကို ဆိုသည်။

(ဎ) **ပစ္စည်းခွန်**ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့်အဆောက်အအုံဖြစ်စေ ၎င်းတို့၏နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သောရာခိုင်နှုန်းဖြင့် ကောက်ခံသောအခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ လမ်းမီးခွန်၊ ရေခွန်၊ သန့်ရှင်းရေးခွန်တို့ ပါဝင်သည်။

(ဏ) **အထွေထွေခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်း စသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း တို့အတွက် ကုန်ကျစရိတ်များ ကာမိစေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

(တ) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်းများနှင့် စည်ပင်သာယာအဆောက်အအုံများတွင် မီးထွန်းစရိတ် ကာမိစေရန် တစ်နှစ်စံငှားရမ်းခအပေါ်တွင် ရာခိုင်နှုန်းသတ်မှတ်၍ စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ထ) **ရေခွန်**ဆိုသည်မှာ ကော်မတီက ရေပေးဝေနိုင်ရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန် တစ်နှစ်စံငှားရမ်းခအပေါ်တွင် ရာခိုင်နှုန်းသတ်မှတ်၍ စည်းကြပ်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဒ) **ရေဖိုးရေခ**ဆိုသည်မှာ ကော်မတီပိုင်ရေကို ရယူသုံးစွဲသူများထံမှ အခါအားလျော်စွာ သတ်မှတ်သော နှုန်းထားဖြင့်သော်လည်းကောင်း၊ ရေမီတာဖြင့်သော်လည်းကောင်း၊ ပုတ်ပြတ်နှုန်းထားဖြင့်သော်လည်းကောင်း ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

(ဓ) **အမှိုက်နှင့်အညစ်ကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုပုံရွှေ့ပြောင်း စွန့်ပစ်ခြင်းနှင့် ရေစီးရေလာမြောင်းများ ရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့်စရိတ်များ ကာမိစေရန် တစ်နှစ်စံ ငှားရမ်းအပေါ်တွင် ရာခိုင်နှုန်းအလိုက် စည်းကြပ်ကောက်ခံသည့်အခွန်ကို ဆိုသည်။

(န) **ဘီးခွန်**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ အပေါ် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်းအတွက် ကော်မတီက မော်တော်ယာဉ် အမျိုးအစားအလိုက် သတ်မှတ်သည့်နှုန်းထားအရ ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ပ) **မော်တော်ယာဉ်ညအိပ်ခွန်**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်းကော်မတီ ပိုင်မြေ သို့မဟုတ် အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ညအိပ်ထားရှိသော မော်တော်ယာဉ်များအပေါ် ကော်မတီက မော်တော်ယာဉ်အမျိုးအစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်ရပ်နားခ**ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီပိုင်မြေ သို့မဟုတ် အများပြည်သူဆိုင်ရာလမ်းပေါ်တွင် ရပ်နားထားခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုး အစားအလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကို ဆိုသည်။

(ဗ) **မြေခွန်**ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူ သို့မဟုတ် အသုံးပြုသူထံမှ မြေအမျိုးအစားအလိုက် သတ်မှတ်သည့် နှုန်းထားအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဘ) **ကော်လိတ္တော်အရာရှိ**ဆိုသည်မှာ အခွန်မပြေကျန်ငွေများကို အရကောက်ခံရန် ကော်မတီက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူတစ်ဦးဦးကို ဆိုသည်။

(မ) **ပစ္စည်းခွန်ခွဲပုံစာရင်း**ဆိုသည်မှာ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ရန် အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ရာတွင် အဆိုပါ မြေနှင့်အဆောက်အအုံအမျိုးအစားအလိုက် ကွင်းဆင်း၍ ကောက်ယူထားသော အခြေခံစာရင်းကို ခေါ်သည်။

(ယ) **ခိုင်ကြေး**ဆိုသည်မှာ ကောက်ခံရရှိသောအခွန်အပေါ် ရာခိုင်နှုန်းဖြင့် ကောက်ခံသူက ပြန်လည် ထုတ်ပေးသော အခငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအနေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ အပြည့်အဝကောက်ခံရရှိစေရန်၊

(ခ) တိုင်းဒေသကြီး အကျိုးစီးပွားကို အထောက်အကူပြုသည့် လုပ်ငန်းများမှ အခွန်အခများ ရရှိစေရန်။

## အခန်း (၃)
## ပစ္စည်းခွန်စည်းကြပ်ခြင်း

၄။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင် မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ရမည်။

၅။ ကော်မတီသည် ပစ္စည်းခွန်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြေနှင့်အဆောက်အအုံများအပေါ်တွင် နှစ်စဉ်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းထက်မပိုဘဲ အထွေထွေခွန် စည်းကြပ်နိုင်သည်။

(ခ) နိုင်ငံတော်အစိုးရက စီမံခန့်ခွဲသော မြေနှင့်အဆောက်အအုံများအပေါ် အဆောက်အအုံနှင့် မြေခွန်ကို စည်းကြပ်ရာတွင် တစ်နှစ် စံငှားရမ်းခတန်ဖိုး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ် ရမည်။

(ဂ) ပုဂ္ဂလိကအဆောက်အအုံနှင့် မြေခွန်အပေါ် အဆောက်အအုံနှင့် မြေခွန်စည်းကြပ်ရာတွင် တစ်နှစ် စံငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရမည်။

(ဃ) မြေနှင့်အဆောက်အအုံများအပေါ် မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်များ စည်းကြပ် ရာတွင် ယင်းတို့အတွက် အမှန်ကုန်ကျစရိတ် ကာမိစေရန် ချင့်ချိန်တွက်ချက်၍ စည်းကြပ်ရမည်။

၆။ ကော်မတီသည် အောက်ပါတို့အပေါ် နိုင်ငံခြားငွေဖြင့် ပစ္စည်းခွန်စည်းကြပ်နိုင်သည် -

(က) နိုင်ငံခြားငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်အခန်း၊ မြေနှင့်အဆောက်အအုံများ၊

(ခ) နိုင်ငံခြားငွေဖြင့် အခန်းခနှင့် ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊

(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့်သက်ဆိုင်သော မြေနှင့်အဆောက်အအုံများ။

၇။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများ အပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်းမပြုရ -

(က) ဘာသာရေးအတွက် အများပြည်သူ သီးသန့်အသုံးပြုသည့် မြေနှင့်အဆောက်အအုံများ၊

(ခ) ကော်မတီပိုင် မြေနှင့်အဆောက်အအုံများ၊

(ဂ) သင်္ချိုင်းမြေများ၊

(ဃ) ဆေးရုံနှင့်သက်ဆိုင်သည့် အဆောက်အအုံများ။

၈။ ကော်မတီသည် ထူးခြားသည့်အကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ သီးခြားအမိန့်ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိလျှင် အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများကို ဘာသာရေးအတွက် သီးသန့်သုံးစွဲသည့် မြေနှင့်အဆောက်အအုံဖြစ်သည်ဟု မမှတ်ယူရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ကိုင်သည့် မြေနှင့်အဆောက်အအုံများ၊

(ခ) ငှားရမ်းခကို ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငှားရမ်းခရရှိသည့် မြေနှင့်အဆောက်အအုံများ။

၉။ ကော်မတီသည် ပုဒ်မ ၈ တွင် အကျုံးဝင်သည့် မြေနှင့်အဆောက်အအုံကို သီးခြားပစ္စည်းဖြစ်သည်ဟု မှတ်ယူ၍ ပစ္စည်းခွန်စည်းကြပ်ရမည်။

၁၀။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းမီးတိုင်များနှင့် ပေ ၁၀၀၀ အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် မီးခွန်စည်းကြပ်နိုင်သည်။

၁၁။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများ အပေါ် ရေခွန်စည်းကြပ်ရမည် -

(က) သောက်သုံးရေနှင့် အိမ်သုံးရေများကို လုံလောက်စွာ ဖြန့်ဝေပေးမည်ဟု ကြေညာထားသော ဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ၊

(ခ) ကော်မတီ၏ ရေပေးဝေရေးစနစ်မှ ရေဆက်သွယ်ရယူအသုံးပြုနေသော မြေနှင့်အဆောက်အအုံများ။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ စည်းကြပ်သော ရေခွန်သည် ပုဒ်မ ၁၁ ၊ ပုဒ်မ ခွဲ (ခ) အရ စည်းကြပ်သော ရေခွန်ထက် လျော့နည်းစေရမည်။

၁၃။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့်အဆောက်အအုံများ အပေါ် အမှိုက်နှင့်အညစ်ကြေးခွန် စည်းကြပ်ရမည် -

(က) ကော်မတီက တာဝန်ယူ၍ အမှိုက်နှင့်အညစ်အကြေးများ သိမ်းဆည်းပေးမည်ဟု ကြေညာထားသော ဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ၊

(ခ) ကော်မတီ၏ မိလ္လာပြွန်စနစ်ရှိသည့် နေရာဒေသရှိ မိလ္လာပြွန်နှင့်ဆက်သွယ်ထားသော ရေမြောင်း နေရာဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ။

၁၄။ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ စည်းကြပ်သော အမှိုက်နှင့်အညစ်ကြေးခွန်သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ စည်းကြပ်သော အမှိုက်နှင့်အညစ်ကြေးခွန်ထက် လျော့နည်းစေရမည်။

၁၅။ မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ကော်မတီက သတ်မှတ်ထားသော ပစ္စည်းခွန်ကို ပူးပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးဆောင်နိုင်သည်။

၁၆။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံကို ပိုင်ရှင်က အခကြေးငွေ ရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေ စုစုပေါင်း၏ သတ်မှတ်သောရာခိုင်နှုန်းကို နှစ်စဉ်တန်ဖိုးတွင် ထပ်မံထည့်သွင်းသတ်မှတ်နိုင်သည်။

၁၇။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြေ၊ အဆောက်အအုံကို အသုံးပြုသူက အခကြေးငွေ ရယူပြီး ထပ်ဆင့်ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေကို အခြေပြု၍ တိုးမြှင့်စည်းကြပ်နိုင်သည်။

၁၈။ ပစ္စည်းခွန်စည်းကြပ်ထားသော မြေ၊ အဆောက်အအုံတွင် အနည်းဆုံး ရက်ပေါင်း ၃၀ တစ်ဆက်တည်း မည်သူမျှ နေထိုင်အသုံးပြုခြင်းမရှိဘဲ လစ်လပ်နေလျှင်ဖြစ်စေ၊ ငှားရမ်းခမရရှိလျှင်ဖြစ်စေ ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က အကြောင်းကြားလာသောအခါ ကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ယင်းကာလအတွင်း ပေးဆောင်ရန်ရှိသော အထွေထွေခွန်ထက်ဝက်နှင့် ရေခွန်၊ အမှိုက်နှင့် အညစ်ကြေးခွန်များကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ပေးရန်ရှိသည့် အခွန်ငွေအားလုံးကို တစ်လုံးတစ်ခဲတည်း သို့မဟုတ် အရစ်ကျပေးသွင်းပြီးနောက် ပိုင်ရှင်က ဤနည်းဥပဒေအရ ကင်းလွတ်ခွင့်ရရှိသောငွေကို ပြန်လည်ထုတ်ပေးရန် ၆ လအတွင်း လျှောက်ထားလာလျှင် ပြန်လည်ထုတ်ပေးနိုင်သည်။

၁၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံတွင် လူနေထိုင်အသုံးပြုရန် အခကြေးငွေရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ လက်ရှိနေထိုင်သူကိုဖြစ်စေ၊ အသုံးပြုသူကိုဖြစ်စေ ပစ္စည်းခွန် စည်းကြပ်နိုင်သည်။

၂၀။ ကော်မတီသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံအပေါ် အခွန်စည်းကြပ်ရာ၌ သင့်လျော်သလို နှစ်စဉ်စည်းကြပ်နိုင်သည်။

၂၁။ ကော်မတီသည် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်အပေါ်၌လည်းကောင်း၊ ပစ္စည်းတစ်မျိုးမျိုးအပေါ်၌လည်းကောင်း စည်းကြပ်သော ပစ္စည်းခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၄)
## ပစ္စည်းခွန်ခွဲပုံစာရင်းပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့်အယူခံခြင်း

၂၂။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းစနစ်များနှင့်အညီ နှစ်စဉ်တန်ဖိုးကို သတ်မှတ်ရမည်။ အဆိုပါမြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှု ကိရိယာများ တပ်ဆင်ထားပါက ယင်းတို့ကို နှစ်စဉ်တန်ဖိုးသတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

၂၃။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် သင့်လျော်မည့်စနစ်ဖြင့် မြေနှင့်အဆောက်အအုံအမှတ်ကို သတ်မှတ်ပေးရမည်။

၂၄။ မြေ ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ကော်မတီက သတ်မှတ်ပေးသည့် မြေနှင့်အဆောက်အအုံအမှတ်ကို သတ်မှတ်သည့် အရွယ်အစားအတိုင်း ရေးသားချိတ်ဆွဲ ထားရမည်။

၂၅။ မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် နှစ်စဉ်တန်ဖိုးသတ်မှတ်ရန်အလို့ငှာ အောက်ဖော်ပြပါ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြ၍ သတ်မှတ်ထားသည့်ကာလအတွင်း ကော်မတီသို့ တင်ပြရမည် -

(က) မြေ၊ အဆောက်အအုံ သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူ၏အမည်နှင့် နေရပ်လိပ်စာ၊

(ခ) မြေ၊ အဆောက်အအုံ၏ အကျယ်အဝန်းအတိုင်းအတာ၊ အမျိုးအစား ခန့်မှန်းခြေကာလတန်ဖိုးနှင့် အမှန်ရရှိသော ငှားရမ်းခ၊

(ဂ) မြေ၊ အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှုကိရိယာ တပ်ဆင်ထားလျှင် ယင်းစက်ယန္တရား သို့မဟုတ် စက်ကိရိယာများ၏ ခန့်မှန်းခြေကာလတန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုး၊ လည်ပတ်သုံးစွဲမှု၊ ရငွေသုံးငွေဆိုင်ရာငွေစာရင်းဇယားများ။

၂၆။ မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြသည့် အချက်အလက်များကို မပျက်မကွက် မှန်ကန်စွာဖော်ပြရန် တာဝန်ရှိသည်။

၂၇။ ကော်မတီသည် မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူက ပုဒ်မ ၂၅ တွင် ဖော်ပြသည့် အချက်အလက်များကို မမှန်မကန်ဖော်ပြထားကြောင်း စိစစ်တွေ့ရှိလျှင်သော်လည်းကောင်း၊ အချက်အလက်များကို တင်ပြရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည့်အမိန့် ချမှတ်ရမည်။

၂၈။ ကော်မတီသည် မြေ၊ အဆောက်အအုံပိုင်ရှင်က အခကြေးငွေရယူပြီး ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်အများကိုဖြစ်စေ ငှားရမ်းထားလျှင် အဆိုပါ မြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ပစ္စည်းတစ်ခုတည်းအနေဖြင့်လည်းကောင်း၊ သီးခြားနေထိုင်သူတစ်ဦးချင်း၏ သီးခြားပစ္စည်းအနေဖြင့်လည်းကောင်း သတ်မှတ်၍ ပစ္စည်းခွန်ကို သီးခြားစည်းကြပ်နိုင်သည်။

၂၉။ ကော်မတီသည် ပစ္စည်းခွန်ခွဲပုံစာရင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဘဏ္ဍာရေးနှစ်အလိုက် ပစ္စည်းခွန်ခွဲပုံစာရင်း ပြုစုထားရှိရမည်။

(ခ) ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲပုံစာရင်းကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်ဟု ကြေညာရမည်။

(ဂ) ပစ္စည်းအရပ်ရပ်အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ မကျေနပ်လျှင် ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မည်သူမဆို စာဖြင့် တင်ပြကန့်ကွက်နိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြရမည်။

(ဃ) ယခင်ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲပုံစာရင်းကို အခြေခံ၍ လာမည့်ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သလို ပြင်ဆင်အသုံးပြုနိုင်သည်။

၃၀။ ကော်မတီသည် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) အရ တင်သွင်းလာသော ကန့်ကွက်လွှာကို သတ်မှတ်ချက်နှင့်အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကန့်ကွက်လွှာကို ကြားနာစစ်ဆေးပြီးသည့်အခါ နှစ်စဉ် တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရမည်။

(ဂ) ချမှတ်သည့်အမိန့်အတိုင်း ပစ္စည်းခွန်ခွဲပုံစာရင်းတွင် လိုအပ်သလိုပြင်ဆင်ရမည်။

၃၁။ ကော်မတီသည် နှစ်စဉ် တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ လွဲမှား စည်းကြပ်ထားခြင်းကြောင့်ဖြစ်စေ၊ ပစ္စည်းခွန်တိုးမြှင့်စည်းကြပ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်စေ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းကို ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား အကြောင်းကြား၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

၃၂။ သက်ဆိုင်ရာပုဂ္ဂိုလ်သည် ကော်မတီက ပုဒ်မ ၃၁ အရ နှစ်စဉ် တန်ဖိုးသတ်မှတ်ခြင်းကို ပြင်ဆင်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ထားသောနေ့ရက်အတွင်း ကော်မတီသို့ စာဖြင့် ကန့်ကွက်လွှာ တင်သွင်းခွင့် ရှိသည်။

၃၃။ ကော်မတီသည် ကန့်ကွက်လွှာအရ ကန့်ကွက်သူအား ကြားနာစစ်ဆေးပြီး နှစ်စဉ် တန်ဖိုးသတ်မှတ် ခြင်းကို ပြင်ဆင်အမိန့်ချမှတ်နိုင်သည်။

၃၄။ ကော်မတီသည် ပစ္စည်းခွန်ခွဲပုံစာရင်း အတည်ပြုပြီးနောက် အသစ်ဆောက်လုပ်ပြီးစီးသည့် အဆောက် အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရန် နောက်ဆက်တွဲပစ္စည်းခွန်ခွဲပုံစာရင်း၌ ထည့်သွင်းဖော်ပြပြီး ယင်းအဆောက် အအုံတွင် အမှန်နေထိုင်သည့်နေ့ သို့မဟုတ် အသုံးပြုသည့်နေ့မှအစပြု၍ ပစ္စည်းခွန်စည်းကြပ်ရမည်။

၃၅။ ပုဒ်မ ၂၇၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၃ တို့အရ နှစ်စဉ် တန်ဖိုးသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လွှဲအပ်ထားသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ချမှတ်သည့် အမိန့်အပေါ် မကျေနပ်ပါက ပစ္စည်းခွန်စည်းကြပ်ခြင်း ခံရသူသည် -

(က) ကော်မတီသို့ အယူခံပိုင်ခွင့်ရှိသည်။

(ခ) အယူခံလွှာကို ပစ္စည်းခွန်ထမ်းဆောင်ရန် အကြောင်းကြားစာလက်ခံရရှိသည်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်။

(ဂ) စည်းကြပ်ခြင်းခံသောပစ္စည်းခွန်ကို ပေးဆောင်ပြီးမှသာ အယူခံပိုင်ခွင့်ရှိသည်။

၃၆။ ပုဒ်မ ၃၅ အရ အယူခံအမှုတွင် ကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၇။ ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူသည် အယူခံအမှုတွင် အနိုင်ရရှိပါက ပေးသွင်းထားသည့် ပစ္စည်းခွန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ကော်မတီ၏ဆုံးဖြတ်ချက်နှင့်အညီ ပြန်လည်တောင်းခံပိုင်ခွင့် ရှိသည်။

၃၈။ ပစ္စည်းခွန် စည်းကြပ်ထားသော မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၂၅ အရ လိုအပ်သော အသေးစိတ်အချက်အလက်များကို စာဖြင့် တင်ပြပြီးသည့်နောက် ဌာနရမ်းခပြောင်းလဲလျှင် ယင်းကဲ့သို့ ဌာနရမ်းခပြောင်းလဲသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ စာဖြင့် အကြောင်းကြားရမည်။

၃၉။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ဌာနရမ်းခ ပြောင်းလဲခြင်းကို ပုဒ်မ ၃၈ အရ ကော်မတီသို့ စာဖြင့် အကြောင်းကြားရန် ပျက်ကွက်လျှင် ပစ္စည်းခွန် စည်းကြပ်မှုအပေါ် ကန့်ကွက်ပိုင်ခွင့်မရှိစေရ။

၄၀။ ကော်မတီသည် ပစ္စည်းခွန်စည်းကြပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းရန် လိုအပ်ပါက ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူအား ကော်မတီသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ လာရောက်ရန် အကြောင်းကြားနိုင်သည်။

၄၁။ မြေ၊ အဆောက်အအုံနှင့်သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၄၀ အရ အကြောင်းကြားစာရရှိလျှင် ကော်မတီသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ မပျက်မကွက် သွားရောက်ရန်နှင့် မေးမြန်းချက်ကို မှန်ကန်စွာဖြေဆိုရန် တာဝန်ရှိသည်။

## အခန်း (၅)
## ပစ္စည်းခွန်လျှော့ပေါ့ခြင်းနှင့်ပြန်အမ်းခြင်း

၄၂။ ပိုင်ရှင်သည် -

(က) တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေ၊ အဆောက်အအုံတွင် မည်သူမျှ နေထိုင်အသုံးပြုခြင်း မရှိဘဲ အနည်းဆုံး ရက်ပေါင်း ၃၀ တစ်ဆက်တည်း လစ်လပ်နေလျှင်ဖြစ်စေ၊ ငှားရမ်းခမရရှိလျှင် ဖြစ်စေ ကော်မတီသို့ ရက်ပေါင်း ၃၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားပါက ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရန် ပျက်ကွက်ပါက မည်သည့်ပစ္စည်းခွန်ကိုမျှ လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

၄၃။ ပိုင်ရှင်သည် -

(က) တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ လစ်လပ်နေသော မြေ၊ အဆောက်အအုံကို ပြန်လည်အသုံးပြုလျှင်ဖြစ်စေ၊ ငှားရမ်းခရရှိလျှင်ဖြစ်စေ အသုံးပြုသည့်နေ့ သို့မဟုတ် ငှားရမ်းသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရန် ပျက်ကွက်ပါက မည်သည့်ပစ္စည်းခွန်ကိုမျှ လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့်မရှိသည့်အပြင် ယခင်ခွင့်ပြုပြီးဖြစ်သည့် ပစ္စည်းခွန် လျှော့ပေါ့ငွေနှင့် ပြန်အမ်းငွေတို့ကိုလည်း ပြန်လည်ပေးသွင်းရမည်။

၄၄။ ကော်မတီသည် ပိုင်ရှင်က အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပျက်စီးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကြောင့် ပစ္စည်းခွန်ကို လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားလာလျှင် သင့်လျော်သည့် ပစ္စည်းခွန်ကို လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်း ပြုနိုင်သည်။

၄၅။ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော စက်ရုံ၊ အလုပ်ရုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူသည် -

(က) လုပ်ငန်းသဘာဝအလျောက် စက်ရုံ၊ အလုပ်ရုံပိတ်ထားရသည့် အချိန်ကာလအတွက် ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

(ခ) လုပ်ငန်းသဘာဝနှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ စက်ရုံ၊ အလုပ်ရုံ ပိတ်ထားရလျှင် အဆိုပါ ပိတ်ရက်များအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့်ရှိသည်။

၄၆။ ပိုင်ရှင်သည် မြေ၊ အဆောက်အအုံကို တစ်ခါတစ်ရံသာ အသုံးပြုသည်ဟူသော အကြောင်းပြချက်ဖြင့် ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခွင့်ပိုင်ခွင့်မရှိရ။

၄၇။ မြေ၊ အဆောက်အအုံပိုင်ရှင်သည် -

(က) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် ၆ လအတွင်း တောင်းခံပိုင်ခွင့်ရှိသည်။

(ခ) မီးလောင်၍ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ အဆောက်အအုံ လုံးဝပျက်စီး သွားလျှင် သို့မဟုတ် ဖျက်သိမ်းသွားလျှင် ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် ၁ နှစ် အတွင်း တောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရဖြစ်စေ၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ တောင်းခံရာတွင် သတ်မှတ်သည့်ကာလအတွင်း တောင်းခံရန် ပျက်ကွက်ပါက ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

၄၈။ ကော်မတီသည် ဤဥပဒေအရ ပစ္စည်းခွန်လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်း တွက်ချက်ရာ၌ ၁၀ ရက်ထက်နည်းသောရက်များကို ထည့်သွင်းတွက်ချက်ခြင်းမပြုရ။

## အခန်း (၆)
## ပစ္စည်းခွန်ကောက်ခံခြင်း

၄၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ပစ္စည်းခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပစ္စည်းခွန်စည်းကြပ်ကောက်ခံရန်အတွက် နယ်မြေအတန်းအစား ပိုင်းခြားသတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ပိုင်းခြားထားသော နယ်မြေအတန်းအစားလိုက် ပစ္စည်းခွန်စည်းကြပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပိုင်းခြားထားသော နယ်မြေအတန်းအစားကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၅၀။ ပစ္စည်းခွန်ကို တစ်နှစ် နှစ်ကြိမ် ကောက်ခံခြင်းပြုလုပ်ရမည်။ ယင်းသို့ကောက်ခံရန် အခွန်ခွဲပုံစာရင်းကို အဖွဲ့က ပြုစုပြီး အမှုဆောင်အရာရှိက တာဝန်ပေးအပ်သူမှ အတည်ပြုလက်မှတ်ရေးထိုးရမည်။

၅၁။ ကော်မတီသည် -

(က) ပစ္စည်းခွန်ကောက်ခံရန် သင့်လျော်သည့် ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်းအား တာဝန်ပေးအပ်နိုင်သည်။

(ခ) ပစ္စည်းခွန်ကောက်ခံသည့် အဖွဲ့အစည်းအား ၁ နှစ်အတွက် ပစ္စည်းခွန်ကောက်ခံပေးသွင်းသည့် ငွေအပေါ်တွင် ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်နှုန်းထားဖြင့် ခိုင်ကြေး ထုတ်ပေးနိုင်သည်။

၅၂။ ကော်မတီသည် ပစ္စည်းခွန်ကောက်ခံရာ၌ ပြေစာတွင် ဖော်ပြသည့် ကျသင့်ငွေကို တိကျစွာကောက်ခံ၍ ပြေစာကို သက်ဆိုင်ရာ ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူအား ချက်ချင်းပေးရန်နှင့် အမှန်တကယ် ပေးဆောင်ပြီးသော ပစ္စည်းခွန်ကို ထပ်မံကောက်ခံမှုများမပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၅၃။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် ကောက်ခံမည့် ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ စည်းကြပ်ခြင်း ပြုနိုင်သည်။ ယင်းသို့ စည်းကြပ်သော ပစ္စည်းများကို ကောက်ခံရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဆောင်ရွက်စေနိုင်သည်။

၅၄။ မည်သူမဆို မိမိပိုင်သော သို့မဟုတ် မိမိလက်ဝယ်ရှိသော မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခများကို ပေးဆောင်ရန် တာဝန်ရှိသည်။

၅၅။ မော်တော်ယာဉ်အတွက် ဘီးခွန်၊ မော်တော်ယာဉ် ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခ ပေးဆောင်ရန် သတ်မှတ်သည့်သက်တမ်းကာလသည် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်းနှင့်အညီ ဖြစ်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၅၆။ မည်သူမျှ ကော်မတီ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၅၇။ မည်သူမျှ ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနားသည့် အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၅၈။ မည်သူမျှ ဆောက်လုပ်ပြီးသော အဆောက်အအုံဖြစ်စေ၊ ယင်းအဆောက်အအုံ၏အစိတ်အပိုင်းတွင်ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်းမပြုရ။

၅၉။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် စမုတ်ဆောင်၊ လသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ ဓာတ်ဆီဆိုင်၊ ဓာတ်ဆီပန့်၊ မိလ္လာကန်၊ လူကူးခုံးကျော်တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြားအဆောက်အအုံကို ကော်မတီခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ။

၆၀။ မည်သူမျှ တရားမဝင်ရေဆက်သွယ်ခြင်းမပြုရ။

၆၁။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ -

(က) ကော်မတီပိုင် ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ်တွင်းသို့ ရေကို ဆက်သွယ်ရယူခြင်း၊

(ခ) ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်ဖြင့် တပ်ဆင်ဆက်သွယ်ခြင်း၊

(ဂ) ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှရေကို ပိုမိုရရှိစေရန် လျှပ်စစ် သို့မဟုတ် စွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လက်နှိပ်တုံကင် အသုံးပြု၍ဖြစ်စေ ရေကို ရယူသုံးစွဲခြင်း၊

(ဃ) ကော်မတီ၏ခွင့်ပြုချက်ဖြင့် တပ်ဆင်ထားသော ရေမီတာကို တရားမဝင်ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း၊ ဖြုတ်သိမ်းခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသောရေမီတာကို အသုံးမပြုဘဲ ရေဆက်သွယ်ခြင်း။

၆၂။ မည်သူမျှ ကော်မတီ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်းဖွင့်လှစ်ခြင်း၊ ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်၊ မော်တော်ယာဉ်ရပ်နားခ၊ မော်တော်ယာဉ်စောင့်ရှောက်ခ ကောက်ခံခြင်းမပြုရ။

၆၃။ မည်သူမျှ ကော်မတီ ခွင့်ပြုချက်မရှိဘဲ ကော်မတီက သတ်မှတ်သည့်လမ်းတွင် မောင်းနှင်ခွင့်မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ၊ ခွင့်ပြုသည့် ဝန်ပိုထက်ပိုသော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခြင်းမပြုရ။

၆၄။ မည်သူမဆို မိမိပိုင်သော သို့မဟုတ် မိမိလက်ဝယ်ရှိသော မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန်၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ်ရပ်နားခများကို ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိရ။

၆၅။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းမီးတိုင်များနှင့်ပေ ၁၀၀၀ အတွင်းရှိ မြေနှင့်အဆောက်အအုံများပေါ်တွင် မီးခွန်မဆောင်ဘဲ အသုံးပြုခြင်းမပြုရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၆၆။ မည်သူမဆို ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅ တို့ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၉)

## အထွေထွေ

၆၇။ ကော်မတီသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း ပစ္စည်းခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ကောက်ခံ၍မရရှိပါက တည်ဆဲဥပဒေများအရ ကော်လိတ္တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။

၆၈။ ကော်မတီသည် ဤဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၅။ )

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာကော်မတီကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန အကြီးအမှူးကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနကို ဆိုသည်။

(ဆ) **သစ်တောအရာရှိ**ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တော ဦးစီးဌာန အကြီးအကဲကို ဆိုသည်။

(ဇ) **သစ်တောဝန်ထမ်း**ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို လွှဲအပ်ထားသော သစ်တော ဦးစီးဌာန၏ ဝန်ထမ်းများကို ဆိုသည်။

(ဈ) **အပန်းဖြေစခန်းများ**ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အခကြေးငွေယူ၍ အများပြည်သူသို့ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရန် အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံး သီးပင်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ် များနှင့် လှပစွာစိုက်ပျိုးတည်ထောင်ရန် သတ်မှတ်ထားသောနေရာကို ဆိုသည်။

(ည) **တိရစ္ဆာန်ဥယျာဉ်**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင် ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဋ) **ရုက္ခဗေဒဥယျာဉ်**ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့်ဥယျာဉ်ကို ဆိုသည်။

(ဌ) **တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ**ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ဆိုသည်။

(ဍ) **တောရိုင်းတိရစ္ဆာန်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥနှင့်ပိုးလောင်းများကို ဆိုသည်။

(ဎ) **သဘာဝအပင်**ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်းပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏မျိုးစေ့များကို ဆိုသည်။

(ဏ) **နေရင်းဒေသ**ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာ နယ်မြေနှင့် အပင်များ သဘာဝအတိုင်းပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(တ) **သစ်တောနယ်မြေ**ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ် ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောကို ဆိုသည်။

(ထ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန် ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ခ) သဘာဝသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဂ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(င) ပြည်သူလူထု အပန်းဖြေအနားယူလေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် -

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၅။ ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်သည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဝန်ကြီးက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဂ) မျိုးသုဉ်းမည့်အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် ပညာပေးခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

[ ဆက်လက်ဖော်ပြပါမည်။ ]

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်<br>( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### လွှတ်တော်ရုံး
### အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

လွှတ်တော်ရုံးမှ အောက်ပါ ဒုတိယဦးစီးမှူးများအား ပြည်ထောင်စုလွှတ်တော်ဌာန ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| ၁။ | ဒေါ်ခင်နှင်းဖြူ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ၂။ | ဒေါ်အေးအေးကျော့ | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

### အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက် )

လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော စက်မှုဝန်ကြီးဌာနမှ အောက်ပါ အရာထမ်း (၂) ဦးအား ပြည်သူ့လွှတ်တော်ဌာန၊ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးတွင် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

(၁) ဒေါ်အေးအေးမာ ဌာနခွဲမှူး
(၂) ဒေါ်နွယ်နီဦး ဌာနခွဲမှူး

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၄၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ မိုင်းသော်အရှေ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်၊ ၆၈/ဟဲကယ်ရွာမကွင်း၊ ဦးပိုင်အမှတ် (၅/၆၀)၊ သာသနာ့မြေဧရိယာ **(၂. ၉၈) ဧကအား "ဝိဇ္ဇာလယ ပရိယတ္တိစာသင်တိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် )

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၁၆- က/၃ က၊ မြေမြင့်)၊ ဦးပိုင်အမှတ် (၃၈)၊ မြေဧရိယာ **(၄. ၅၂၆) ဧကရှိမြေအား "မြေမြင့် ဗုဒ္ဓသာသနာပြု ကျောင်း"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ သောတာပန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၇၇၈/သောတာပန်ကွင်း)၊ မြေကွက်အမှတ် (F - ၅၄/၆၀၄)၊ မြေဧရိယာ **(၀. ၂၂) ဧကရှိမြေအား "အဝေရာ ရာမရိပ်သာကျောင်းတိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာ နိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၇၄/၂၀၁၃)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၉၈-က/ကျီကုန်းကွင်း)၊ ဦးပိုင်အမှတ် (၂၂၆)၊ မြေဧရိယာ **(၁. ၅၈) ဧကရှိမြေအား "ဆားတောင် ပရိယတ္တိသာသနာ့ရိပ်သာ"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

# စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက် )

အမှတ် ၈၉/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | ကျော်ငြိမ်း | ကြည်း | ၆၅၉၄၅ | (၁၅-၈-၂၀၁၃) |
| (၂) | သန်းဇော်လင်း | ကြည်း | ၆၅၉၄၆ | (၁၅-၈-၂၀၁၃) |
| (၃) | မောင်မောင်သန်း | ကြည်း | ၆၅၉၄၇ | (၁၆-၈-၂၀၁၃) |
| (၄) | လဝင်း | ကြည်း | ၆၅၉၄၈ | (၁၆-၈-၂၀၁၃) |
| (၅) | မာခိုင် | ကြည်း | ၆၅၉၄၉ | (၁၈-၈-၂၀၁၃) |
| (၆) | တင်ညွန့် | ကြည်း | ၆၅၉၅၀ | (၂၁-၈-၂၀၁၃) |
| (၇) | စောထွန်း | ကြည်း | ၆၅၉၅၁ | (၂၂-၈-၂၀၁၃) |
| (၈) | အောင်ရှိန် | ကြည်း | ၆၅၉၅၂ | (၂၅-၈-၂၀၁၃) |
| (၉) | စိုးနိုင် | ကြည်း | ၆၅၉၅၃ | (၂၅-၈-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

အမှတ် ၉၀/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | မောင်အုန်း | ကြည်း | ၆၅၉၅၄ | (၂၈-၈-၂၀၁၃) |
| (၂) | ချစ်ဝင်း | ကြည်း | ၆၅၉၅၅ | (၂၈-၈-၂၀၁၃) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ဆည်မြောင်းဦးစီးဌာန
## (ရုံးချုပ်)

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် )

အမှတ် ၁ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ စာအမှတ် - ၁/၁၉၀ (က) (၅) (၁၂၀၀/၂၀၁၃) အရ အောက်ဖော်ပြပါ လစာနှုန်း (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) စာရင်းကိုင် (၁) များအား ၎င်းတို့အမည်အသီးသီးနှင့် ယှဉ်တွဲဖော်ပြထားသည့်ရုံးများတွင် လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးသို့ အမှန်တကယ်အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်နှင့်မှတ်ပုံတင်အမှတ် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁။ | ဒေါ်ဥမ္မာစောဦး<br>၁၂/မဂတ (နိုင်) ၀၃၁၉၈၄ | ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊<br>ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့။ |
| ၂။ | ဒေါ်ခင်နှင်းအောင်<br>၉/ပမန (နိုင်) ၀၀၈၈၉၇ | ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊<br>ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ၊ ပဲခူးမြို့။ |
| ၃။ | ဒေါ်မီမီခိုင်<br>၁၂/မရက (နိုင်) ၀၁၈၄၆၁ | ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန<br>ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။ |

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းဦးစီးဌာန။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး **"အရာထမ်းများ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းစိစစ်ရေးအဖွဲ့"** ၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်စွဲပါ စာအမှတ်၊ ဆသန/၃-၀၁/၀၀၂ (၂၀၁၃/၂၉၀၅) အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်စီမံရေးရာဌာနမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ကြည်ဝေအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်၊ စီမံရေးရာဌာနရှိ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် ဒုတိယအထွေထွေမန်နေဂျာအဖြစ် တိုးမြှင့်တာဝန်ချထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | { ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်<br>( ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် ) } | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ရှောက်ဟော်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**SHAUK HO FAMILY TRADING CO., LTD**

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ရှောက်ဟော်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (SHAUK HO FAMILY TRADING CO., LTD)** အား (၁၉-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြင့် (ခ) ရန်ရှီဟွ
မန်နေးဂျင်းဒါရိုက်တာ
ရှောက်ဟော်မိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရှောက်ဟော်မိသားစု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
## SHAUK HO FAMILY MANUFACTURING CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းဝေးဆုံးဖြတ်ချက်အရ **ရှောက်ဟော်မိသားစု ထုတ်လုပ်မှုကုမ္ပဏီလီမိတက် (SHAUK HO FAMILY MANUFACTURING CO., LTD)** အား (၁၉-၉-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ **[B.Com (Q), C.P.A]** အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်မြင့် (ခ) ရန်ရှီဟွ
မန်နေးဂျင်းဒါရိုက်တာ
ရှောက်ဟော်မိသားစု ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ [B.Com (Q), C.P.A]
NGWE INZALY AUDIT FIRM
အမှတ်-၁၄၁/၁၄၅၊ အခန်း-၅၊
တတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## မိုးကြိုးခြင်္သေ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုကုမ္ပဏီလီမိတက်

(အစုရှင်များ ဆန္ဒအရ ဖျက်သိမ်းဆဲ)
မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ
အပြီးသတ်နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ လီမိတက်အစုရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၅-၁၀-၂၀၁၃) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် [အမှတ်-၄၃၊ ပါရမီလမ်း၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

Zar Ni Htun
Managing Director
Thunder Lion International Trading Co., Ltd

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
မိုးကြိုးခြင်္သေ့ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု
ကုမ္ပဏီလီမိတက်

**ဝမ်းသာ ကုမ္ပဏီလီမိတက်**
**(WANTHAR COMPANY LIMITED.) အား**

(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဝမ်းသာ ကုမ္ပဏီလီမိတက် (WANTHAR COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

**GALAXY MATRIX INTERNATIONAL CO., LTD. ၏**

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **Galaxy Matrix International Co., Ltd.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၅-၉-၂၀၁၃) နေ့တွင် တိုက်အမှတ် (၆)၊ အခန်း ၁/၄၊ မြန်မာအင်ဖိုတက်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးမြိုင် [B.Com (A.A), C.P.A] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Myint Thu
Managing Director
Galaxy Matrix International Co., Ltd.

ဦးမြိုင်
[B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၂၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

## DYNASTY GEMS CO., LTD. ၏

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ကြေညာခြင်း

၁။ **Dynasty Gems Co., Ltd.** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၅-၉-၂၀၁၃) နေ့တွင် အမှတ် ၅၄ (အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးမြိုင် [B.Com (A.A), C.P.A] အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B.Com (A.A), C.P.A] ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

MI MI AYE
Managing Director
Dynasty Gems Co., Ltd.

ဦးမြိုင်
[B.Com (A.A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၅၂၊ အိုးဘိုလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

## ထွန်းနှင့်သူငယ်ချင်းများ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

ဖျက်သိမ်းကြောင်းကြေညာချက်

၁။ **ထွန်းနှင့်သူငယ်ချင်းများ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၁၈-၉-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေ အစည်းအဝေးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရန် အရာရှိအဖြစ် အမှတ် (၉)၊ ပန်းခြံလမ်း၊ (၆) လွှာ၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြမြဝင်း [B.Com (A.A)., C.P.A] အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်ကို တစ်လအတွင်း ဒေါ်မြမြဝင်းထံ ဆက်သွယ်ဆောင်ရွက် နိုင်ရန် ကြေညာလိုက်သည်။

Zayar Minn
Managing Director
TUN & FRIENDS
MANUFACTURING COMPANY LIMITED.

ဒေါ်မြမြဝင်း
[B.Com (A.A)., C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၇-၉-၂၀၁၃။